# အာဠာဝီကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အာဠာဝီကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

လွင်ဦးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
- (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**
**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အာဋ္ဌာဝီကျေးရွာ
မိုးညှင်းမြို့နယ်

## အာဋ္ဌာဝီကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျောက်ဆည်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

#### အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာအုပ်စုတွင် အာဠာဝီကုန်းကျေးရွာတည်ရှိပါသည်။မိုးညှင်းဒီကရီကောလိပ်ကျောင်းသွားရာလမ်းမပေါ်တွင် တည်ရှိပါသည်။တောင်ကုန်းတောင်တန်းများနှင့်နီးသော်လည်းမြေပြင်နှင့်လွင်ပြင်ဒေသဖြစ်ပါသည်။ သို့ရာတွင်လယ်ယာစိုက်ပျိုးနိုင်သော ဒေသဖြစ်သည့် ကျေးရွာအနီးဝန်းကျင်တွင်မရှိဘဲ နန့်ရင်းချောင်းအနောက်ဘက်ကမ်းတွင်သာရှိပါသည်။ မြန်မာပြည်မြောက်ဖျား မိုးများသောဒေသဖြစ်သည့်အလျောက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်သင့်ရှိသော်လည်း လူနေအိမ်ထောင်စုဦးရေနှင့် နှိုင်းယှဉ်ပါက နည်းပါသည်။လယ်ယာမြေသည်မြေပြန့်တွင်ရှိ၍ မြေဆီလွှာအသင့်သင့်ကောင်းမွန်သည်။ လယ်မြေဧက (၅၆) ဧက ရှိပြီး စပါး ၊မြေပဲ ၊ပဲပုတ်နှင့် ရာသီပေါ်သီးနှံများစိုက်ပျိုးကြသည်။ ရေရှိသော အချို့လယ်မြေများတွင်ဆောင်းသီးနှံအဖြစ်ပဲအမျိုးမျိုး ၊ ငရုတ် ကြက်သွန်တို့ကို စိုက်ပျိုးကြပါသည်။

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၂)စုနှင့်ကျား(၂၃၉)၊ မ(၂၄၅)ဦးဖြင့် လူဦးရေပေါင်း(၄၈၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၉၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း ၄.၇၄ ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၇.၁၅ ရာခိုင်နှုန်း ခန့်ရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ယောက်ဖြစ်ကာ လူ ငယ်များ ကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ကျပန်းများဖြစ်ကြသည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၁၄ ရာခိုင်နှုန်း သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအဖြစ် အိမ်ထောင်စုအားလုံးခံယူကြပြီး ၁၀.၂ရာခိုင်နှုန်းမှာဆင်းရဲသော တောင်သူ ၃၇.၅ ရာခိုင်နှုန်းမှာချမ်းသာသည့် အဆင့် ၄.၅ ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ရှိကြသည် ။ ကျေးရွာတွင်စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် မိုးရာသီချောင်းရေနှင့်စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအသင့်သင့်ကောင်းသည်။ချမ်းသာသောအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာ လက်သမား၊ပန်းရန်၊ ဆန်ကြိတ်စက်၊

စသောအသေးအစားအိမ်းတွင်းမှုလုပ်ငန်းများရှိသည်။ထိုလုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်သင့် အဆင်ပြေကြသည်။

ယင်းတို့အနက်ဆင်းရဲအဆင့်သည်ကျေးရွာတွင် အများဆုံးဖြစ်ပြီး ၊ လယ်ယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ ၊ လက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်းတွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်ကြသည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး ၅၄.၄ ရာခိုင်နှုန်းထိရှိကာဆင်းရဲ အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများရှိသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လုပ်ငန်း၊ လက်သမားပန်းရံ လုပ်ငန်း ကုန်စိမ်း၊ လက်လီလက်ကာဈေးသည်များ ၊ဆန်ကြိတ်စက် တနိုင်တပိုင်လုပ်ငန်းများလုပ်ကိုင်နိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု ၇၀.၇ ရာခိုင်နှုန်း မှာအငှားလုပ်ငန်းများလုပ်ကိုင်ပြီး ဝင်ငွေမလုံလောက်၍ ကျောက်တွင်းများသို့ ကျောက်တူးလုပ်ငန်းကို သွားရောက်လုပ်ကိုင်ကြသည်။ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်အောင် စားသုံးသည့်မိသားစု ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။ကျဘမ်းလုပ်သားများသည် ကျောက်တွင်း၌ အလုပ်လုပ်ရင်း မူးယစ်ဆေးသုံးစွဲမှုများရှိလာကာ ရောဂါကူးစက်မှုများ ပေါ်များလာပါသည်။ မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ခိုးမှု စသည့်ရာဇဝတ်မှုများရှိလာပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု (၅၅) အိမ်ထောင်စု တွင် ငွေချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်ကြသည်။ အိမ်ထောင်စု ၃၀ ရာခိုင်နှုန်းသည် ငွေနှင့် ရိက္ခာကို ဆွေမျိုး မိတ်ဆွေများထံမှ ချေးယူပြီး သုံးစွဲနေကြသည်။ အကြွေးတင်မှုများ အကြွေးငွေ ၂၀၀၀၀ ကျပ်မှ ၁၀၀၀၀၀၀ ကျပ်ထိတင်ရှိပါသည်။

ကျေးရွာတွင် မိသားစုရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော အသန်စွမ်းသူ တစ်ဦးရှိပါသည်။အိမ်ထောင်စု အားလုံး၏ ၃ ရာခိုင်နှုန်းသည် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကြသည်။ထို့အတူ အိမ်ထောင်ဦးစီးက ကျောက်မော်သို့ သွားရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုများမှာ ၂၀ စုနှင့် မုဆိုးဖို တခုလပ် ဦးဆောင်သည့် အိမ်ထောင်စု ၄ စု သည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာ၏ ပြင်ပသို့ရောက်ပြီးဝင်ငွေရရှိရေးအတွက်အလုပ်သွားရောက်လုပ်ကိုင်ကြသည့်လူငယ်လူရွယ်များသည် လိမ်မှုတဆင့်ကူးစက်သောရောဂါများနှင့် အရက်မူးယစ်ဆေးဝါးအန္တရာယ်များ ရှိနေတတ်သည်။

ယခုနှစ်ပိုင်းများတွင် အဝေးပြေးကားလမ်းမနှင့် မနီးမဝေးတွင်တည်ရှိပြီးယဉ်မတော်တဆမှုများ များပြားလာသည်။လွန်ခဲ့သောနှစ်က ယာဉ်မတော်ဆမှု (၁၅)မှု ဖြစ်ပွားခဲ့ပြီးရွာသားအချို့ထိခိုက်မှုများဖြစ်ပွားခဲ့သည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာအတွင်းတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ကြသည်။ကလေးလူငယ်အများစုသည် ကျန်းမာကြသည်။သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိသည်။ အမျိုးသမီးကလေး လူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် လည်း တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်ရှိကြသည်။ကျေးရွာအတွင်းရွာသား များအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်ပြီး တစ်ဖာလုံခန့်ကွာဝေးသော ဘီလူးအုပ်စုတွင် ကျေးရွာကျန်းမာရေးဆရာမ၏ ဆေးခန်းသို့လည်းကောင်း ရွာနှင့် (၅) မိုင်ခန့်ကွာဝေး သော မိုးညှင်းမြို့ရှိ ပြည်သူ့ဆေးရုံ ၊ ဆေးဆိုင်များနှင့်လက်လှမ်းမှီသည်။

ကျေးရွာတွင်မြေအောက်ရေရရှိနိုင်သဖြင့် ရေမှ ဝမ်းပျက် ဝမ်းလျော တိုက်ဖိုက်၊ အစာအိမ် စားသော ရောဂါဖြစ်ပွားမှုနည်းပါးသည်ကိုတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး အဖတ် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့် သင့် များပြားသည်။ အခြေခံပညာရေးကို ကျေးရွာအတွင်းမူလတန်းကျောင်း၌ သင်ယူတတ်မြောက် ပြီး နှစ်ဖာလုံခန့်ဝေးသော အထက်တန်းသို့တက်ရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် များအတွက် အလုပ်အကိုင်အခွင့် အလမ်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မရေးရာဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား/မရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရသေးပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင် မူလတန်း၊ အလယ်တန်း အထက်တန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ကျားလေးအရေအတွက်ထက် နည်းသော်လည်း အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် တွင် မိန်းကလေးအရေအတွက်မှာကျားအရေအတွက်ထက် ပို များနေ၍ အမျိုးသမီးများ အတွက် ပညာ သင်ယူရေးဆိုင်ရာ အခွင့် အရေးမှာအမျိုးသားများနှင့် အတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုတို့မှာအလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာ

ပေးခြင်းများမြင့်တက်အောင်ဆောင်ရွက်ခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄) ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းအားလုံး၏ လုပ်ရှား ဆောင်ရွက်မှုမှာ အလွန်အားနည်းလျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်း များမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပါတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာစပါး၊ မြေပဲ၊ ပဲပုတ် အဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၅၆) ရှိပြီး သီးထပ်အဖြစ် မ စိုက်ပျိုးကြသည်။ စပါးအထွက်မှာ ၇၀ တင်း၊ မြေပဲ(၂၀) တင်း ပဲပုတ်(၁၅) တင်းထွက်ရှိကြသည်။ မိုးစပါးကို မိုးရေနှင့် ချောင်းရေ ကို အဓိကသွင်းစိုက်ပျိုးကြသည်။

တောင်သူအများစုမှာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမို ပေး၍ အလုပ်သမားများကို ဌားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားကြရသည်။

ကျေးရွာတွင်တနိုင်တပိုင်လုပ်ကိုင်သူဦးရေမှာမွေးမြူရေးအတွက်အဓိကထားလုပ်ကိုင်ကြသည်။ဒေသခံနွား၊ ဝက်များကို အဓိကထားစိုက်ပျိုးကြသည်။ကြက်မွေးသူများအနေဖြင့်လည်းအများစုမွေးမြူကြသည်။ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုရှိသည်။ ကျွဲနွားများအနေဖြင့် ခွာနာ လျှာနာ ဖြစ်တတ်သည်။ မွေးကုဦးစီးဌာနမှဝန်ဆောင်မှုများရရှိနိုင်သော်လည်းဝန်ဆောင်မှုအားနည်းပါသည်။

### (ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်ငန်း၊ ဈေးရောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုမရှိကြပေ။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော ဦးရေများပြီး ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများရှိသော်လည်း အသိပညာ အတတ်ပညာအချို့ကိုဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့

နည်းပါးသည်။ သင်တန်းကုန်ကျစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်အတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ် စက်ပြင်သင်တန်းသို့ သင်ကြားကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် မြေပဲ၊ ပဲငုံပိများ စိုက်ပျိုးရာတွင် အဖျက်ပိုးများနှင့် ကြွက်များ ကျရောက်သဖြင့် ဓာတုဆေးနှင့် ဓာတုမြေသြဇာများ အသုံးပြုမှုများလာခြင်းကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ ကျေးရွာပတ်ဝန်းကျင်တွင်း ရေဆိုးရေအိုင်များရှိပြီး ငှက်ပိုးအတွက် အားပေး အားမြောက်ရှိပြီး ကျေးရွာသားများပေါင်းစု ဖြေရှင်းဆောင်ရွက်သင့်သည်။ ကျန်းမာရေးအသိပညာ ပေး ဟောပြောပွဲများ ဆောင်ရွက်သင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများတွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို အတိုးနှုန်း သက်သာစွာဖြင့်ထုတ်ချေးပြီး တစ်ဧကလျှင် တစ်သိန်းနှုန်း နှင့် မိမိလယ်ယာမြေရှိသည်နှင့်အမျှချေးယူနိုင်ကြသည်။သို့ရာတွင်လယ်ယာမြေပိုင်ဆိုင်မှု(ပုံစံ-၇) မရှိသောလယ်သမားများ ချေးငွေ ရရှိခြင်းမရှိပါ။၎င်းအပြင် လင်းရောင်အတွေးတွေ သမဝါယမဦးစီးဌာနမှလည်းလယ်သမားများအား တစ်ဦးလျှင် ကျပ် ငါးသိန်းကို တစ်လလျှင် ၁ ကျပ် ၅၀ ပြားနှုန်းဖြင့် ၆ လအ တွက် ထုတ်ချေးပေးပါသည်။ယင်းသို့ ထုတ်ချေးရာတွင် အဖွဲ့များဖွဲ့စည်း၍ အဖွဲ့ဝင်တစ်ဦး အတွက် ကျန်အဖွဲ့ ဝင်များမှ တာဝန်ယူဖြေရှင်းပေးရသောစနစ်ဖြစ်သည်။

ကျေးရွာတွင် အရပ်ဖက် ပုဂ္ဂိုလ် မှငွေချေးသူများရှိသော်လည်း အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိရှိပြီး အချို့ချေးငှားသူများသည် အပေါင်ပစ္စည်းအဖြစ်ထားပေးရမှုများလည်းရှိသည်။ငွေကြေးချေးငှားသူများအနေဖြင့်လည်းအဓိကချေးငှားရခြင်းမှာ စားသောက်ရေးအတွက်ဖြစ်ပြီး အခြားပညာရေး၊ ကျန်းမာရေး၊ လုပ်ငန်းတည်ဆောက်ရေးတို့အတွက်ဖြစ်သည်။ ကြွေးတင်ရှိမှုစစ်တမ်းအရ ကြွေးအများဆုံးမှာ သိန်းတစ်ရာငါးဆယ်အထိဖြစ်ပြီး အနည်းဆုံးမှာ တစ်သိန်းကျပ် တင်ရှိသူဖြစ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံပညာကျောင်းမရှိပါ။ သို့ရာတွင် ကျေးရွာတွင်းရှိ ရွာသူ/ရွာသားများသည် စာမတတ်သူဦးရေ ၈.၂၅ ရာခိုင်နှုန်း ဘုန်းကြီးကျောင်းပညာရေး မှာ ၄.၉၉ ရာခိုင်နှုန်း ရရှိထားပါသည်။မူလတန်းအောင်ချက်ရာခိုင်နှုန်း ၉၉.၉၉ ရာခိုင်နှုန်းနှင့် အလယ်တန်း(၁၈.၁)ရာခိုင်နှုန်းအထက်တန်း(၁၇) ရာခိုင်နှုန်း နှင့်တက္ကသိုလ်ဘွဲ့(၁၁.၈၅)ရှိသဖြင့်ပညာရေးအနေဖြင့်ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန မရှိသော်လည်း မြို့နှင့် ၂

မိုင်သာကွာဝေးသဖြင့် ခရိုင်ဆေးရုံနှင့် လက်လှမ်းမှီပါသည်။ လျှပ်စစ်မီးရရှိသဖြင့် ဆေးဝါးများကို အအေးခန်းဖြင့် သိုလှောင်ထားနိုင်သည်။ ခရိုင်ဆေးရုံအပြင် မြို့ပေါ်တွင် ပုဂ္ဂလိကဆေးရုံများနှင့်လည်း လက်လှမ်းမှီသော်လည်း ငွေကြေးချို့တဲ့သူများအနေဖြင့် အခက်အခဲ တစ်ခုဖြစ်သည်။

ကျေးရွာတွင်သောက်သုံးရေများကို ရေတွင်းများ ၊ လက်နှိပ်တုံကင် လျှပ်စစ်မော်တာတုံကင် လျှပ်စစ်မော်တာတပ်ရေတွင်းများမှ ရယူပြီးလုံလောက်မှုရှိသော်လည်းဂေဟာစနစ်များပျက်စီးခြင်း တောတောင်များပြုန်းတီးခြင်း မြေအောက်ရေလွှာခမ်းခြောက်ခြင်း များကြောင့် အချို့အပိုင်းများတါင် ရေမလုံလောက်မှုများအားနွေရာသီတွင်တွေ့ရတတ်သည်။ရေကောင်းရေသန့်များဖြစ်၍ ရေကြောင့်ဖြစ်ပွားနိုင်သောရောဂါများနည်းပါးသည်။ချမ်းသာသူများက အုတ် သဲ ကျောက် များအသုံးပြု၍ ယင်လုံအိမ်သာ တည်ဆောက်အသုံးပြုကြပြီး အတင့်တင့် ပြေလည်သူ ဆင်းရဲသူများက သစ်သား၊ ဝါး သွပ်များသုံးစွဲ၍ ယင်လုံအိမ်သာကို တည်ဆောက်အသုံးပြုကြသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာဆောင်ရွက်ကြပြီး ဘာသာရေးဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်တွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ရိုးရာအကဖြင့်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ဖွံ့ဖြိုးရေးလုပ်ငန်းသီသန်းဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံအဆောက်အဦး လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိလမ်းများသည်ကွန်ကရစ်လမ်းဖြစ်သည်။ အချို့အနည်းငယ်သာ ကွန်ကရစ်လမ်းခင်းရန်လိုအပ်ပါသည်။လမ်းပန်းဆက်သွယ်ရေးအတွက် ဆိုင်ကယ် (၁၄၇)စီး စက်ဘီး(၆၂) စီး သုံးဘီး ၊ ထော်လာဂျီ(၂)စီး၊လူစီးကား(၁၇)စီးတို့ဖြင့် စသည်တို့ဖြင့် အသုံးပြုကြပါသည်။ ၎င်းအပြင်တောင်သူလယ်သမားများအတွက် မရှိမဖြစ်သည့် နွားလှည်း(၁၁)စီးတို့ဖြင့်လှည်းအသုံးပြုကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးအား ၂၀၀၉ ခုနှစ်မှစတင်၍ တစ်ဝက်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျန်တစ်ဝက်ထပ်မံသွယ်တန်းရရှိခဲ့သဖြင့် ၉၅ ရာခိုင်နှုန်းခန့်သွယ်တန်းအသုံးပြုနေကြပြီးဖြစ်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးအတွက် မိမိတို့ကျေးရွာတွင် တယ်လီနော မြန်မာ့ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူကြပြီးကပ်လျက် ရွာသစ်ကုန်းကျေးရွာတွင်MPT တာဝါတိုင်တစ်ခု တို့ရှိခြင်းကြောင့် စီးပွားရေးဈေးကွက်နှင့်အခြားလူမှုရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအဆင်ပြေစွာအသုံးပြုနိုင်ကြသည်။ သတင်းဆက်သွယ်ရေးမှာအတော်အတင့်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။စီးပွားရေးလူမှုရေး၊ ကျန်းမာရေးဗဟုသုတအစုံ လေ့လာကြည့်ရှုနိုင်သည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရောင်းဝယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအချက်အလက်အတွက် လိုအပ်သလို ဆက်သွယ်နိုင်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပေါ့ရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် မြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာပြီး လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေသည်။ လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုသည်။

လူငယ်ပညာတတ်အတင့်တင့်ရှိပြီး လူဦးရေအားလုံး၏ ၁၁.၇၅ ရာခိုင်နှုန်းမှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်သင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများတက်ရောက်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောကုသမှုများလိုအပ်လျှင် ပြည်သူ့ဆေးရုံကြီးသို့ဆေးသွားရောက်ပြီးဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိအနေအထားအတွက်အသင့်သင့်တွင်ရှိ သည်။

သဘာဝအရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်တွင်ရှိပြီး မြေဆီသြဇာ အတော်အတင့်ကောင်းမွန်သည်။တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်ကြသည်။ မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံအတွက်စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင် မိုးစပါး လယ်မြေများသည် မိုးရေ ချောင်းရေများဖြင့်သာ စိုက် ပျိုးနိုင်သည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင်ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့အဆင်ပြေစေပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အသုံးပြုနိုင်မှုမှာ အသင့်သင့်ကောင်းမွန်ကြပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်မြေများမှာမြေဆီလွှာအသင့်သင့်ကောင်းမွန်သော်လည်း ချောင်းရေမလုံလောက် သဖြင့် ဆောင်းသီးနှံများအတွက် ရေအခက်အခဲရှိသည်။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်အတွက် မြေကွက်လပ်မရှိပါ။လယ်သမားများ အဖို့ အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပါသည်။ မျိုးကောင်းမျိုးသန့် မစိုက်ပျိုးနိုင်သဖြင့် အထွက်နှုန်းမှာ သာမန်သာဖြစ်သည်။မြေသြဇာအလုံအလောက်မရှိပါ။ပိုးသတ်ဆေးအသုံးပြုရန် နည်းလမ်း အသိပညာဗဟုသုတနည်းပါးသောကြောင့် သီးနှံစိုက်ပျိုးရေးအတွက် အခက်အခဲရှိသည်။ မြို့နယ်ပညာရေးဌာနမှ နည်းပညာဆိုင်ရာဝန်ဆောင်မှုများနှင့် စိုက်ပျိုးရေး ကုမ္ပဏီများ၏ လက်လှမ်းမှီမှုမရှိသဖြင့် စိုက်ပျိုးရေးနှင့်ပါတ်သက်သော ဝန်ဆောင်မှုထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်သော အစီအစဉ်မရှိပါ။

တိုက်နယ်ဆေးရုံလိုအပ်ခြင်းမှာ ကျေးရွာအုပ်စုတွင် ကျေးရွာငယ်များနှင့် အိမ်ထောင်စုလူဦးရေတိုးပွားလာခြင်းဖြစ်သည်။ကျေးလက်ဆေးပေးခန်းလည်းမလုံလောက်ပါ။

မူးယစ်ဆေးဝါးကိုလည်း ထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိသဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေသည်။ မြို့နယ်ရဲစခန်းနှင့် လက်လှမ်းမှီသော်လည်း မူးယစ်ဆေးဝါးအလွန်ပေါများသည်။ မူးယစ်ဆေးဝါးနှင့် ပါတ်သက်သော အသိပညာပေးဟောပြောပွဲနည်းပါးသဖြင့် ကျန်းမာရေးဗဟုသုတနည်းပါးသည်။ ကျေးရွာရှိလူထုအတွက် အလုပ်ရုံများရှိသဖြင့် ကျန်းမာရေးဗဟုသုတနည်းပါးသည်။ကျေးရွာရှိလူထုအတွက် အလုပ်ရုံများမရှိသဖြင့် အလုပ်အကိုင်ရှားပါးပြီး ပုံမှန်ဝင်ငွေရရှိရန်အတွက် အကန့်အသတ်ရှိသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးများလူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းစေပြီး လူငယ်များ အသိပညာ အတတ်ပညာများ ဖွံ့ဖြိုးလာပြီး မူးယစ်ဆေးအန္တရာယ်မှ ကင်းလွတ်နိုင်စေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအဖွဲ့အစည်းပြီး ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းလုပ်ကိုင်သူများကိုပါ ခွဲဝေချထားပေးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ပြီးသူများမှ တဖန်ကျေးရွာတွင်းရှိ လူငယ်လူလတ်များကို နည်းပညာမျှဝေပြီး ကိုယ်ပိုင်လုပ်ငန်းများတွင် လက်တွေ့အသုံးပြုနိုင်အောင် ဆောင်ရွက်မည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်စက်၊ယိုနှင့် မုန့်လုပ်နည်း ဆံပင်ညှပ် စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းများကိုတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းသားများသည် ကျွမ်းကျင်မှုများတိုးပွားရရှိလာပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်.

ခ.၃)ကျေးရွာတွင်စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာကျေးရွာ၏အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အဦးများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင်စပါးအပြင် ပဲပုတ်ကို သီးထပ်အဖြစ်အနည်းငယ်စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေး အတွက်နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်များရောင်းချသည် ပုဂ္ဂလိက အရောင်း ဆိုင်များကို မှီခိုအားထားမှုပိုများကြသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက်သီနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပ ညာအသုံးပြုမှုများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုကြပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ ၊ အလယ်အလတ်နှင့် တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား နှင့်အသေးစားလုပ်ငန်းရှင်သည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းအတွက်အထိုက် အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် အသင်းအဖွဲ့ဖွဲ့စည်းထားပြီး မရှိသဖြင့် မြို့နယ်သမဝါယမ အသင်းက ချေးငွေလိုအပ်သူရွာသားအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးနိုင်မှု အလားအလာရှိပြီး အလုပ် အကိုင်နှင့် အမြတ်အစွန်းများရရှိရန်အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက်အခွင့်အလမ်း ရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ ဈေးကွက် သတင်းအချက် အလက်များ လက်လှမ်းမှီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု ၊ လက်မှု လုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်း ကို ကျေးရွာဖွံ့ဖြိုးရေးရေးဆွဲခြင်းတွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများယခုအခါ အဆင်သင့်မတွေ့ ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန် ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာ ရှင် တစ်ချို့နှင့်တိုးချဲ့ပညာပေးရေး ဝန်ထမ်း အချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည်ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများ ကိုဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေရရှိပါမည်။

(င) ကျေးလက်ဒေသမူလတန်းကျောင်းဆောက်လုပ်ရေး

ကျေးရွာတွင်မူလတန်းပညာရေးကို တက်ရောက်သင်ကြားနေသည့်ကျောင်းသား ဦးရေ(၃၃)ယောက်ရှိသည်။ ၎င်းကလေးငယ်များသည် ကျေးရွာနှင့် နီးစပ်သော ထန်းတပင်ရွာသစ်ကုန်းကျေးရွာရှိမူလတန်းကျောင်းများသို့တက်ရောက်ပညာသင်ကြားနေရပါသည် ။ ခရိုင်နှင့်မြို့နယ် အဆင့်ပညာရေးဌာနများမှ ရေသန့်ရှင်းရေးနှင့်ကျောင်းသင်ခန်းစာများပါဝင်သည့် မူလတန်းကျောင်းတစ်ကျောင်း ဖြစ်မြောက်လာသည်နှင့် ကျေးရွာဒီကရီကောလိပ် နှင့်ပတ်ဝန်းကျင် ရှိပညာသင်ကြားလိုသူကလေးငယ်များအတွက်အကျိုးခံစားမှုရရှိစေပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပေါင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနှစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစိးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေးကဏ္ဍ*** | | | | | |
| | ၁။ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းဆောင်ရည်မြင့်တင်ပေးရေး | ၇၃ | ၇ | ကျေးလက်ဦးစီးနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း<br>ခေါင်းဆောင်မှု ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများစီစဉ်ခြင်း<br>အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများစီစဉ်ခြင်း | ကျေးလက်ဦးစီး |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
